# ကိုယ်ရေးအချက်အလက်လုံခြုံမှုဆိုင်ရာ မူဝါဒ

*ဤကိုယ်ရေးအချက်အလက်လုံခြုံမှုဆိုင်ရာ မူဝါဒ ("မူဝါဒ") သည် ဤ "Akron Children's" ၏ဝဘ်ဆိုက်အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းများ ("စည်းမျဉ်းများ") ၏တစ်စိတ်တစ်ဒေသအဖြစ် ပေါင်းစပ်ပါဝင်မည်ဖြစ်ပြီး ကျွန်ုပ်တို့က ပံ့ပိုးပေးထားသည့် မည်သည့်မိုဘိုင်းအက်ပ်မဆိုနှင့် သက်ဆိုင်ရာ အွန်လိုင်းဝန်ဆောင်မှုများ (အားလုံးကိုခြုံ၍ "ဝန်ဆောင်မှုများ" ဟု ခေါ်တွင်ပါမည်) ကို သင်အသုံးပြုသောအခါတွင် အချို့သော သင့်ကိုယ်ရေးအချက်အလက်များကို "Akron Children's" က စုဆောင်း၊ အသုံးပြုနိုင်မည့်၊ ထုတ်ဖော်နိုင်မည့် နည်းလမ်းများကို ဖော်ပြထားပါသည်။ ဤမူဝါဒတွင် သင့်အချက်အလက်များနှင့်စပ်လျဉ်း၍ သင့်ဘက်က ကျင့်သုံးနိုင်မည့် ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖော်ပြထားပါသည်။ ဝန်ဆောင်မှုများကို အသုံးပြုခြင်းအားဖြင့် သင်သည် ဤမူဝါဒပါ စည်းကမ်းချက်များကို ဖတ်ရှု၊ နားလည်သိရှိပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ စည်းမျဉ်းများနှင့် ဤမူဝါဒ၏စည်းနှောင်မှုကို သဘောတူလက်ခံကြောင်း အသိအမှတ်ပြုပါသည်။ "Akron Children's" သည် ဤမူဝါဒကို မွမ်းမံပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် အပ်ဒိတ်လုပ်ခြင်းများကို ကျွန်ုပ်တို့၏ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်အရ အချိန်မရွေးပြုလုပ်နိုင်ပြီး ဝန်ဆောင်မှုများအား သင့်ဘက်က ဆက်လက်အသုံးပြုခြင်းသည် အဆိုပါမွမ်းမံပြင်ဆင်ခြင်းအား လက်ခံရာရောက်ပါမည်။*

***မှတ်ရန်- ဤမူဝါဒသည် အချို့သော သင့်ကိုယ်ရေးအချက်အလက်များကို "Akron Children" က ဤတွင် ဖော်ပြပါရှိသည့်အတိုင်း စုဆောင်း၊ အသုံးပြုမှုနှင့်သာ အကျုံးဝင်မည်ဖြစ်ပြီး ကျန်းမာရေးအာမခံလွှဲပြောင်းမှုနှင့် တာဝန်ခံမှုဆိုင်ရာ အက်ဥပဒေနှင့် သက်ဆိုင်ရာစည်းမျဉ်းများ ("Health Insurance Portability & Accountability Act and its related regulations, HIPAA") များအကန့်အသတ်မရှိပါဝင်သည့် ဖယ်ဒရယ်ဥပဒေ သို့မဟုတ် ပြည်နယ်ဥပဒေဖြင့် ထိန်းချုပ်ထားသည့် သင် သို့မဟုတ် သင့်ကလေး၏ဆေးကုသမှုဆိုင်ရာ အချက်အလက်များနှင့် အကျုံးဝင်မည်မဟုတ်ပါ။ ဝန်ဆောင်မှုများအား သင့်ဘက်က အသုံးပြုသည့် အတိုင်းအတာကိုလိုက်၍ လူနာ၏ဆေးကုသမှုဆိုင်ရာ အချက်အလက်များအား ကျွန်ုပ်တို့၏ "Akron Children's" ဘက်က စုဆောင်းမှု၊ အသုံးပြုမှု၊ ထိန်းသိမ်းမှုနှင့် ထုတ်ဖော်မှုများရှိလာမည်ဖြစ်ပြီး ယင်းကဲ့သို့လုပ်ဆောင်မှုသည် ကျွန်ုပ်တို့က သီးခြားထုတ်ပြန်ထားသည့် ကိုယ်ရေးအချက်အလက်လုံခြုံမှုလုပ်ဆောင်ချက်များဆိုင်ရာ အသိပေးချက်အပေါ်တွင် မူတည်ပါမည်။***

## "Akron Children's" မှ စုဆောင်းသည့် အချက်အလက်များ

*"Akron Children's" သည် ဝန်ဆောင်မှုများကို ပံ့ပိုးရာတွင် အောက်ပါအချက်အလက်အမျိုးအစားများကို စုဆောင်းပါသည်- (i) သင်ပေးအပ်သည့် အမည်၊ မေးလ်လိပ်စာ၊ အီးမေးလ်လိပ်စာ သို့မဟုတ် ဖုန်းနံပါတ်အပါအဝင် အဆက်အသွယ်အချက်အလက် (ii) သင်ပေးအပ်သည့် ခရက်ဒစ်ကတ် ခေါ် အကြွေးဝယ်ကတ်/ဒက်ဘစ်ကတ် (ခေါ် မြီစားကတ်/ဘဏ်အကောင့်အချက်အလက် "Akron Children's Hospital Foundation" လှူဒါန်းမှု၊ ဘေလ်ပေးချေမှုနှင့် အွန်လိုင်းမှဝယ်ယူမှုများအပါအဝင်) (iii) ကျွန်ုပ်တို့ထံမှ လက်ခံရယူရန် သင်တောင်းဆိုသော အဆက်အသွယ်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သင်နှစ်သက်ရာ မည်သည့်စာရင်းသွင်းမှုမဆိုနှင့် (iv) သင်ဖြေဆိုသည့် မည်သည့်စစ်တမ်းမဆို*

အခြားသူတစ်ဦးဦး (ဥပမာ- ကလေးတစ်ဦး) နှင့်စပ်လျဉ်းသည့် အချက်အလက်များကို သင့်ဘက်က ကျွန်ုပ်တို့အား ပေးအပ်ခြင်းအားဖြင့် သင်သည် အဆိုပါအချက်အလက်ကို ပေးအပ်ရန် ၎င်းပုဂ္ဂိုလ်၏သဘောတူခွင့်ပြုချက်ကို ရရှိပြီးဖြစ်ကြောင်း သို့မဟုတ် ၎င်းတို့၏ကိုယ်စား သဘောတူခွင့်ပြုပေးရန်နှင့် ၎င်းအချက်အလက်ကို ကျွန်ုပ်တို့အား ဤမူဝါဒနှင့်အညီ အသုံးပြုခွင့်ပေးရန် တရားဝင်အခွင့်အာဏာရှိကြောင်းကို သင့်ဘက်က ကိုယ်စားပြုဖော်ပြလိုက်ခြင်းပင်ဖြစ်သည်။

ထို့ပြင် "Akron Children's"၊ ကျွန်ုပ်တို့၏ဝန်ဆောင်မှုပံ့ပိုးသူများနှင့် ကျွန်ုပ်တို့၏ကြော်ငြာမိတ်ဖက်များသည် ဝန်ဆောင်မှုများအား သင့်ဘက်က အသုံးပြုမှုနှင့် စပ်လျဉ်းပြီး ဝန်ဆောင်မှုများကို ရယူရာတွင် သင်အသုံးပြုသည့် စက် (များ) သို့မဟုတ် သင်အသုံးပြုသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စုဆောင်းနိုင်ပါသည်။ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏ပြင်ပအဖွဲ့အစည်းများမှ ဝန်ဆောင်မှုပံ့ပိုးသူများ သို့မဟုတ် ကြော်ငြာမိတ်ဖက်များသည် အဆိုပါအချက်အလက်များကို စုဆောင်းရာတွင် သင့်ကွန်ပျူတာတွင် သင့်ဘရောက်ဇာက ထည့်သွင်းသိုလှောင်ရန် ဖိုင်များကို ဖန်တီးပေးမည့် နှင့်/သို့မဟုတ် ဝင်သုံးနိုင်စေမည့် ကွတ်ကီးများနှင့် ဝဘ်ဆိုက်ခြေရာခံစောင့်ကြည့်မှုဆိုင်ရာ အလားသူနည်းပညာများအကန့်အသတ်မရှိပါဝင်သည့် အချို့သော အလိုအလျောက် ခြေရာခံစောင့်ကြည့်မှုဆိုင်ရာ နည်းလမ်းများကို အသုံးပြုနိုင်ပါသည်။ ဝန်ဆောင်မှုများအား ပံ့ပိုးပေးအပ်ရာ၌ ကျွန်ုပ်တို့က အလိုအလျောက်စုဆောင်းနိုင်မည့် အချက်အလက်များတွင် အောက်ပါတို့ပါဝင်နိုင်ပါသည်- (1) သင်ဝင်ရောက်ကြည့်ရှုသည့် ရက်စွဲနှင့် အချိန်၊ သင်သွားရောက်ခဲ့သည့် ဝဘ်ဆိုက်များ သို့မဟုတ် စာမျက်နှာများ၊ သင်ဝင်ရောက်ခဲ့သည့် လင့်ခ်များ၊ ဝန်ဆောင်မှုများသို့ သင့်အား ပို့ဆောင်ပေးသည့် ရင်းမြစ် သို့မဟုတ် မူရင်းဆိုက် (များ) ကဲ့သို့သော ဝန်ဆောင်မှုများအကြောင်း အသေးစိတ်အချက်အလက်များ သို့မဟုတ် သင်အသုံးပြုခဲ့သော ဝန်ဆောင်မှုများ၏ အခြားသောအင်္ဂါရပ်များ၊ (2) စက်ပစ္စည်းအမျိုးအစား၊ မော်ဒယ်၊ စက်လည်ပတ်မှုစနစ်အချက်အလက်၊ ဘရောက်ဆာပြင်ဆင်သတ်မှတ်မှု၊ IP လိပ်စာနှင့် မျှဝေထားခြင်းရှိပါက ဝန်ဆောင်မှုများကို သင်ဝင်ရောက်အသုံးပြုသည့် တည်နေရာအပါအဝင် သင့်ဘရောက်ဆာနှင့် စက်ပစ္စည်းအကြောင်း အချက်အလက်နှင့် (3) ဒိုမိန်းအမည်များ၊ ဝဘ်ဆိုက်အသုံးပြုသူအခြေအနေပြဇယားများနှင့် ဆာဗာအသုံးပြုမှုဆိုင်ရာ စာရင်းဇယားများကဲ့သို့သော အခြေခံ ဝဘ်မှတ်တမ်းဖိုင်ဒေတာများ။

# စုဆောင်းထားသည့် အချက်အလက်များကို "Akron Children's" က အသုံးပြုသည့် နည်းလမ်းများ

"Akron Children's" သည် ကျွန်ုပ်တို့က စုဆောင်းထားသည့် သင့်ကိုယ်ရေးအချက်အလက်များကို တည်ဆဲဥပဒေများက ခွင့်ပြုသည့် အတိုင်းအတာအထိ ဖော်ပြပါများအပါအဝင် ရည်ရွယ်ချက်များစွာအတွက် အသုံးပြုနိုင်ပါသည်- (1) ဝန်ဆောင်မှုများပံ့ပိုးပေးအပ်ရန်၊ (2) ဝန်ဆောင်မှုများကို လုပ်ဆောင်ရန်၊ စောင့်ကြည့်ရန်၊ အကဲဖြတ်ရန်နှင့် တိုးတက်ဖော်ဆောင်ရန်၊ (3) ဝဘ်ဆိုက်ဝင်ရောက်အသုံးပြုသူအရေအတွက်၊ အသုံးပြုမှုနှင့် အသုံးပြုသည့် လူဦးရေစာရင်းပုံစံများအပါအဝင် ဝန်ဆောင်မှုအသုံးပြုမှု မက်ထရစ်များကို အကဲဖြတ်ရန်၊ (4) ဝန်ဆောင်မှုများ သို့မဟုတ် ကျွန်ုပ်တို့၏ အခြားသောဆက်သွယ်ပေးပို့မှုများမှတစ်ဆင့် သင်လက်ခံရရှိသည့် ဝဘ်ဆိုက်အပြင်အဆင်၊

အထူးအသားပေးဆောင်းပါးများနှင့် ထုတ်ဝေမှုများ၊ အသုံးဝင်သော လင့်ခ်များ သို့မဟုတ် အသုံးပြုသူများအား ပစ်မှတ်ထားသော ကြော်ငြာများအပါအဝင် အကြောင်းအရာများကို လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်အောင် စီမံရန် သို့မဟုတ် စိတ်ကြိုက်ပြင်ဆင်ရန်၊ (5) သင့်တောင်းဆိုချက်များ၊ မေးခွန်းများနှင့် မှတ်ချက်များကို တုံ့ပြန်ဖြေကြားရန်နှင့် (6) တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် လုပ်ငန်းနယ်ပယ်အလိုက် စံချိန်စံညွှန်းများကို လိုက်နာရန် သို့မဟုတ် ကျွန်ုပ်တို့၏မူဝါဒများနှင့် ပဋိညာဉ်ဆိုင်ရာ ရပိုင်ခွင့်များကို ပြဋ္ဌာန်းရန် သို့မဟုတ် ကာကွယ်ရန်။ ကျွန်ုပ်တို့သည် ဒေတာနှင့် အချက်အလက်များကို ဤအသုံးပြုမှုများအပြင် ပေါင်းရုံးပစ်သည့် နည်းလမ်းဖြင့်လည်း စုဆောင်းအသုံးပြုနိုင်သည် သို့မဟုတ် မျှဝေနိုင်သည် သို့မဟုတ် ကျွန်ုပ်တို့၏ သုတေသနပြုလုပ်ရန်၊ ခွဲခြမ်းစိတ်ဖြာလေ့လာရန်၊ စနစ်ဖန်တီးရန်၊ ဈေးကွက်ချဲ့ထွင်ရန်နှင့် ကျွန်ုပ်တို့၏ဝန်ဆောင်မှုများကို တိုးမြှင့်ဖော်ဆောင်ရန် ရည်ရွယ်ချက်များအတွက် ဥပဒေက အခြားနည်းလမ်းဖြင့် ခွင့်ပြုပေးနိုင်သည့် အတိုင်းအတာအထိ စုဆောင်းအသုံးပြုနိုင်သည် သို့မဟုတ် မျှဝေနိုင်ပါသည်။

# "Akron Children's" က သင့်အချက်အလက်များအား မျှဝေနိုင်သည့် နည်းလမ်း

ကျွန်ုပ်တို့အား ဝန်ဆောင်မှုပေးသူများဘက်က ၎င်းတို့၏ဝန်ဆောင်မှုများကို ပံ့ပိုးပေး၍ရစေရန် သို့မဟုတ် ၎င်းတို့၏တာဝန်များအား ထမ်းဆောင်ခွင့်ပြုရန် အချက်အလက်လိုအပ်မည်ဆိုပါက "Akron Children's" သည် သင့်အချက်အလက်များကို ပြင်ပအဖွဲ့အစည်းများထံသို့ မျှဝေနိုင်ပါသည်။ "Akron Children's" က ၎င်း၏တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်အတွက် သို့မဟုတ် ၎င်း၏အခွင့်အရေးများကို ကာကွယ်ရန်အတွက် လိုအပ်လာမည်ဆိုပါက ကျွန်ုပ်တို့က သင့်အချက်အလက်များကို ပြင်ပအဖွဲ့အစည်းများထံသို့ မျှဝေနိုင်ပါသည်။ အဆိုပါပြင်ပအဖွဲ့အစည်းများတွင် ပြင်ပအဖွဲ့အစည်းမှ ဆော့ဖ်ဝဲရေးသားသူများနှင့် ဝန်ဆောင်မှုများအား လက်ခံဆောင်ရွက်ပေးသူများ၊ ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးသည့် ကုမ္ပဏီများနှင့် ဈေးကွက်ရှာဖွေမှုဆိုင်ရာ မိတ်ဖက်များအပါအဝင် အိုင်တီဝန်ဆောင်မှုပေးသူများလည်း ပါဝင်နိုင်သည်။ လိမ်လည်မှု သို့မဟုတ် တရားမင်လုပ်ဆောင်မှုဟု သံသယရှိရသော သို့မဟုတ် အမှန်တကယ်ဖြစ်ပျက်နေသော ကိစ္စတစ်ရပ်အား စုံစမ်းစစ်ဆေးမှုနှင့် ဆက်စပ်၍ ထိခိုက်မှု သို့မဟုတ် ငွေကြေးဆုံးရှုံးမှုကို ကာကွယ်ရန်အတွက် ထုတ်ဖော်ပြောကြားရန် လိုအပ်သည်ဟု ကျွန်ုပ်တို့ဘက်က ယုံကြည်သည့်အခါများတွင် သို့မဟုတ် ကျွန်ုပ်တို့၏အမှုထမ်းများ၊ လူနာများ၊ ဝန်ဆောင်မှုအသုံးပြုသူများ သို့မဟုတ် အများပြည်သူ၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ကောင်းကျိုးချမ်းသာကို ကာကွယ်ရန်အတွက် အချက်အလက်ကို မျှဝေရန် လိုအပ်မည့် အခြေအနေများတွင် မျှဝေရန် ဥပဒေပြဋ္ဌာန်းချက်ရှိပါက "Akron Children's" သည် သင့်အချက်အလက်များကို မျှဝေနိုင်ပါသည်။ ကုမ္ပဏီတစ်ခုနှင့် တစ်ခုပေါင်းစည်းခြင်း၊ ကုမ္ပဏီအား အပိုင်ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းဖြင့် ပြန်လည်ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့အစည်းထိန်းချုပ်မှုအပိုင်း အပြောင်းအလဲဖြစ်ခြင်းများတွင် ကျွန်ုပ်တို့စုဆောင်းရရှိသည့် အချက်အလက်များအား လွှဲပြောင်းပိုင်ခွင့်ကို ကျွန်ုပ်တို့၏လက်ဝယ်တွင် ရယူထားပါသည်။

# “Akron Children’s” က သင့်အချက်အလက်များအား လုံခြုံအောင် ထားရှိသည့် နည်းလမ်း

*“Akron Children’s”* သည် သင့်အချက်အလက်များ၏အတွင်းရေးလျှို့ဝှက်မှုနှင့် လုံခြုံမှုကို တန်ဖိုးထားပါသည်။ အဆိုပါအချက်အလက်များအား အခွင့်မရှိဘဲ အသုံးပြုမှုကို ကာကွယ်ရန်အတွက် ဝန်ဆောင်မှုများမှတစ်ဆင့် ကျွန်ုပ်တို့စုဆောင်းသည့် အချက်အလက်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် လုံခြုံအောင် ထိန်းသိမ်းရန်အတွက် သင့်တော်သည့် ရုပ်ပိုင်းဆိုင်ရာ၊ အီလက်ထရွန်းနစ်နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ကျွန်ုပ်တို့ဘက်က ချမှတ်ကျင့်သုံးလျှက်ရှိပါသည်။ သို့ရာတွင် မည်သည့်စနစ် သို့မဟုတ် လုပ်ထုံးလုပ်နည်းကမှ **100%** လုံခြုံမှုမရှိသည့်အတွက် သင့်အချက်အလက်များ၏လုံခြုံရေးကို ကျွန်ုပ်တို့ဘက်က အာမ,မခံပါ။ ထို့ပြင် ကျွန်ုပ်တို့သည် သင့်အား ဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပေးသည့် သို့မဟုတ် လမ်းညွှန်ပေးသည့် သို့မဟုတ် ဝန်ဆောင်မှုများကို အသုံးပြုပြီး သင်ဝင်ရောက်သည့် ဆိုက်များအပါအဝင် ပြင်ပအဖွဲ့အစည်း၏မည်သည့်ဆိုက်ကိုမှ ထိန်းချုပ်ခြင်းမပြုသလို ထိန်းလည်း မထိန်းချုပ်နိုင်ပါ။ သင့်အချက်အလက်များကို ရယူအသုံးပြုရန် သင့်ဘက်က အခြားနည်းလမ်းဖြင့် ခွင့်ပြုပေးထားသည့် သင့်အင်တာနက်ဘရောင်ဇာဆိုင်ရာ ဆော့ဖ်ဝဲရေးသားသူ သို့မဟုတ် သင့်အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီအပါအဝင် အခြားသော ပြင်ပအဖွဲ့အစည်းများကိုလည်း ထိန်းချုပ်ခြင်းမပြုသလို ထိန်းလည်း မထိန်းချုပ်နိုင်ပါ။

ဤဝန်ဆောင်မှုများကို အသုံးပြုခြင်းအားဖြင့် သင့်ကိုယ်ရေးအချက်အလက်များ၏ လုံခြုံမှု၊ ပုဂ္ဂိုလ်ရေးလုံခြုံမှုနှင့် အတွင်းရေးလျှို့ဝှက်မှုများနှင့် သက်ဆိုင်သည့် ဆိုးကျိုးဖြစ်နိုင်ခြေနှင့် တာဝန်အားလုံးကို သင့်ဘက်က လက်ခံထားပါသည်။

# ကလေးသူငယ်များ၏လုံခြုံရေးအတွက် “Akron Children’s” ၏ ကတိကဝတ်

ကျွန်ုပ်တို့သည် အသက် 13 နှစ်အောက် ကလေးများထံမှ အချက်အလက်များကို ဝန်ဆောင်မှုများမှတစ်ဆင့် သိရက်နှင့် တောင်းခံခြင်း သို့မဟုတ် စုဆောင်းခြင်းမပြုပါ။ အသက် 13 နှစ်အောက် ကလေးထံမှ အချက်အလက်များကို မိဘ၏သဘောတူခွင့်ပြုချက်မရှိဘဲ စုဆောင်းမိကြောင်း သိရှိရပါက ထိုအချက်အလက်များကို တတ်နိုင်သမျှ အမြန်ဆုံးဖျက်ရန် ကျွန်ုပ်တို့ဘက်က ကြိုးစားပါမည်။ အသက် 13 နှစ်အောက် ကလေးထံမှ သို့မဟုတ် အဆိုပါကလေးနှင့် သက်ဆိုင်သည့် အချက်အလက်များကို မိဘဘက်က သင့်တော်သည့် သဘောတူခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်တို့က စုဆောင်းလောက်သည်ဟု သင့်ဘက်က ယုံကြည်ပါက ကျွန်ုပ်တို့ထံ ချက်ချင်းဆက်သွယ်ပါ။

# ဝန်ဆောင်မှုများအား ကန့်သတ်ခြင်း

*"Akron Children's" ဝဘ်ဆိုက်ကို အမေရိကန်ပြည်ထောင်စု၊ အိုဟိုင်းအိုးပြည်နယ်တွင် စီမံဆောင်ရွက်ပါသည်။ ဆိုက်တွင် တွေ့ရှိရသည့် အကြောင်းအရာသည် အခြားအရပ်ဒေသများတွင် အသုံးပြုနိုင်ရန်အတွက် သင့်လျော်ကြောင်း သို့မဟုတ် သုံးရန် ရရှိနိုင်ကြောင်းကို ကျွန်ုပ်တို့က ကိုယ်စားပြုခြင်းမရှိပါ။ ဝန်ဆောင်မှုများကို အသုံးပြုခြင်းအားဖြင့် သင့်အချက်အလက်များကို အမေရိကန်ပြည်ထောင်စုနှင့် အိုဟိုင်းအိုးပြည်နယ်၏ဥပဒေများနှင့်အညီ သိမ်းဆည်းနိုင်ကြောင်းနှင့် စီမံလုပ်ဆောင်နိုင်ကြောင်းကို သင့်ဘက်က နားလည်သိရှိပြီး သဘောတူလက်ခံပါသည်။ သင်သည် ဝန်ဆောင်မှုများကို အခြားအရပ်ဒေသများမှ ရယူအသုံးပြုနေခြင်းဖြစ်ပါက ဒေသတွင်းတည်ဆဲဥပဒေများကို လိုက်နာရန် သင့်တွင် တာဝန်ရှိပါသည်။*